Message Five

# ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွင်း၌ ပလ္လင်ပေါ်ထိုင်ရန် ကျေးဇူးတော်အပေါ် ကျေးဇူးတော်ထပ်ဆင့် ရရှိခြင်း၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသက်၌စိုးစံကာ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင့်ကျေးဇူးတော်၏ အဆုံးစွန်နှင့် ပြီးပြည့်စုံသောထုတ်ကုန်အဖြစ် ဘုရားသခင်၏ ကဗျာဖြစ်သော ယေရုရှလင်မြို့သစ် ဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။  ။ ရော၊၅း၁၇၊ ၂၁။ ယော၊၁း၁၆။ ဟေဗြဲ၊၄း၁၆။ က၊၆း၈။ ဗျာ၊၂၂း၂၁

**I. တစ်နေ့ပြီးတစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန် ကျွန်ုပ်တို့သည် သခင်ဘုရားကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျေးဇူးတော်အပေါ် ကျေးဇူးတော်အဖြစ်၊ ကျေးဇူးတော်၏ ပေါများကြွယ်ဝခြင်းအဖြစ် လက်ခံရရှိရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့အသက်၌စိုးစံခြင်းရှိရန် ကျေးဇူးတော်သည် ကျွန်ုပ်တို့၌ စိုးစံနိုင်မည်ဖြစ်သည် - ယော၊၁း၁၆။ ရော၊၅း၁၇၊ ၂၁။**

A. “ထို့ကြောင့် ငါတို့သည် အချိန်မီ မစခြင်း ခံရမည့်အကြောင်း၊ ကရုဏာကို လက်ခံရန်နှင့် ကျေးဇူးတော်ကို တွေ့မြင်ရန် ကျေးဇူးတော်ပလ္လင်သို့ ရဲရင့်စွာ တိုးဝင်ချဉ်းကပ်ကြကုန်အံ့” - ဟေဗြဲ၊၄း၁၆။

1. သေချာသည်မှာ ဤနေရာတွင် ဖော်ပြထားသည့် ပလ္လင်သည် ကောင်းကင်၌ ရှိသော ဘုရားသခင်၏ ပလ္လင်တော်ပင်ဖြစ်သည် (ဗျာ၊၄း၂)။ ဘုရားသခင်၏ပလ္လင်တော်သည် စကြဝဠာတစ်ခုလုံးထံသို့ အခွင့်အာဏာ၏ ပလ္လင်တော် ဖြစ်သည် (ဒံ၊၇း၉။ ဗျာ၊၅း၁)၊ သို့သော် ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့ထံသို့ ၎င်းသည် ကျေးဇူးတော်ပလ္လင်ဖြစ်လာကာ၊ အသန့်ရှင်းဆုံးဌာနအတွင်းရှိ အပြစ်ဖုံးအုပ်ရာအဖုံး (ကရုဏာပလ္လင်) အားဖြင့် ပုံဆောင်ထားသည် (ထွ၊၂၅း၁၇၊ ၂၁။ ဆာ၊၈၀း၁)။ ဤပလ္လင်တော်သည် ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ဖြစ်သည် (ဗျာ၊၂၂း၁)။
2. ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ အသက်ရှင်လျက်ရှိနေစဉ် ကောင်းကင်ရှိ ဘုရားသခင်နှင့်သိုးသငယ် ခရစ်တော်၏ပလ္လင်တော်ထံသို့ မည်သို့ လာနိုင်မည်နည်း။ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်ဖြစ်ပြီး၊ ဟေဗြဲ ၄း၁၂ တွင် ညွှန်းဆိုထားသည်။ ကောင်းကင်ရှိ ပလ္လင်တော်ပေါ်ထိုင်နေသော ခရစ်တော်သည် (ရော၊၈း၃၄) ယခု ကျွန်ုပ်တို့၌လည်းရှိကာ (အငယ်၊၁၀)၊ ကျွန်ုပ်တို့၏ဝိညာဉ်တည်းဟူသော (၂တိ၊၄း၂၂) ဘုရားသခင်ကိန်းဝပ်ရာနေရာတွင် (ဧ၊၂း၂၂) ရှိနေသည်။
3. ဘုရားသခင်၏ အိမ်တော်၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သည့် ကောင်းကင်တံခါးဝဖြစ်သော ဗေသလ၌ ခရစ်တော်သည် မြေကြီးကို ကောင်းကင်သို့ ဆက်နွှယ်ကာ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသည့် လှေကားဖြစ်သည် (က၊၂၈း၁၂-၁၇။ ယော၊၁း၅၁)။ ယနေ့ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သောကြောင့် ယခုတွင် ၎င်းသည် ကောင်းကင်တံခါးဝ တည်းဟူသော ခရစ်တော်သည် မြေကြီးပေါ် ရှိသည့် လူများဖြစ်သော ကျွန်ုပ်တို့အား ကောင်းကင်သို့ ပေါင်းစည်းဆက်နွှယ်၍ ကောင်းကင်ကို ကျွန်ုပ်တို့ထံ ယူဆောင်လာသည့် လှေကားဖြစ်လာရာနေရာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝိညာဉ်ထံသို့ လှည့်ပြန်လာသည့်အခါတိုင်း ကျွန်ုပ်တို့သည် ကောင်းကင်တံခါးဝမှတစ်ဆင့် ဝင်ရောက်ကြကာ၊ ကောင်းကင်ရှိ ကျေးဇူးတော်ပလ္လင်ကို ကောင်းကင်ဆိုင်ရာလှေကားဖြစ်သည့် ခရစ်တော်မှတစ်ဆင့် ထိတွေ့ရကြလေသည်။

B. သခင်ဘုရားကိုယ်တော်တိုင်သည် ဘုန်းတော်၏ ပလ္လင်တော်နှင့် ကျေးဇူးတော်၏ပလ္လင်တော် ဖြစ်သည် (ဟေရှာ၊၂၂း၂၃။ ဟေဗြဲ၊၄း၁၆)။ ကျေးဇူးတော်ကို ကျွန်ုပ်တို့၌ စိုးစံခွင့်ပေးသည့်အခါတိုင်း ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ဘုရားသခင်၏ အုပ်စိုးနေသော မျက်မှောက်တော်အဖြစ် ကျွန်ုပ်တို့အတွင်း ပလ္လင်ပေါ် စိုးစံကာ (ယေ၈၊၁း၂၂၊ ၂၆)၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသက်၌ စိုးစံခြင်းရှိနိုင်ကြသည် (ရော၊၅း၇၊ ၂၁)။

**II. ကမ္ဘာဦးကျမ်းရှိ မှတ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ ကျဆင်းခြင်းကို ပြသရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျဆင်းသောလူများအဖို့ မည်မျှလုပ်ဆောင်နိုင်ကြောင်း ပြသရန်ဖြစ်သည်။**

A. ဘုရားသခင်သည် နောအေား သူအသက်ရှင်နေခဲ့သည့် ပျက်စီးယိုယွင်းသော ခေတ်ကာလ၏ အခြေအနေမှန်ကို ပြသပေးခဲ့သည် - က၊၆း၃၊ ၅၊ ၁၁၊ ၁၃။ မ၊၂၄း၃၇-၃၉။ ၂တိ။၃း၁-၃။

1. လူသည် နောက်ဆုံးတွင် အသွေးအသား လုံးလုံးဖြစ်သွားသည့်အတိုင်းအတာအထိ ကျဆင်းသွားခဲ့သည် (က၊၆း၃)။ ဘုရားသခင်၏ အခိုင်မာဆုံးနှင့် အဆိုးညစ်ဆုံးသော ရန်သူမှာ ကျွန်ုပ်တို့၏ အသွေးအသားဖြစ်သည်။ ၎င်းကို ဘုရားသခင်က အကုန်အစင်၊ လုံးလုံးအကြွင်းမဲ့ မုန်းတီးတော်မူသည်။
2. ဓမ္မဟောင်းတွင် အာမလက်အမျိုးသည် အသွေးအသားကို ပုံဆောင်ကာ၊ ယင်းသည် ကျဆင်းသောလူဟောင်း၏ စုစုပေါင်းပင် ဖြစ်သည်။ အာမလက်အမျိုးနှင့် အစ္စရေးအမျိုးအကြား စစ်တိုက်ခြင်းမှာ ယုံကြည်သူများအတွင်းရှိ အသွေးအသားနှင့် ဝိညာဉ်တော်အကြားရှိ ပဋိပက္ခကို ပုံဖော်ပြသခြင်းဖြစ်သည် - ထွ၊၁၇း၈-၁၆။ ဂလ၊၅း၁၆-၁၇။
   a. ဘုရားသခင်သည် အာမလက်အမျိုးနှင့် စဉ်ဆက်မပြတ် စစ်တိုက်ရခြင်းအကြောင်းမှာ ဘုရားသခင်သည် အသွေးအသားကို မုန်းတီး၍၊ ၎င်းကို ရှင်းလင်းသုတ်သင်ရန် အလိုရှိခြင်းအား ဖွင့်ပြနေသည် - ထွ၊၁၇း၁၆။ ဂလ၊၅း၁၇။
   b. အသွေးအသားသည် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်တိုးတက်စေခြင်း မရှိနိုင်ပါ။ ထို့ကြောင့် အသွေးအသားသည် ကျွန်ုပ်တို့နှင့်အတူ အမြဲပင် ရှိနေကြောင်း ကျွန်ုပ်တို့သတိပြုနေရန် လိုအပ်သည် - ရော၊၁၃း၁၄၊ ဂလ၊၅း၁၆။
   c. ဘုရားသခင်သည် စာတန်ကို မုန်းတီးသည့်နည်းတူပင် အသွေးအသားကိုလည်း မုန်းတီးတော်မူပြီး၊ ကိုယ်တော်က စာတန်ကို ဖျက်ဆီးရန် အလိုရှိသည့်နည်းတူပင် အသွေးအသားကိုလည်း ဖျက်ဆီးလိုခဲ့သည် - ထွ၊၁၇း၁၆။ တရား၊၂၅း၁၇-၁၉။ ၁ရှမွေ၊၁၅း၂-၃။
   d. ကျွန်ုပ်တို့သည် ကြားခံတောင်းလျှောက်သော ခရစ်တော်နှင့် တိုက်ခိုက်သော ဝိညာဉ်တော်အားဖြင့် အာမလက်အမျိုးကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ မောရှေသည် တောင်ထိပ်ပေါ်တွင် သူ၏လက်ကို မြှောက်ထားခြင်းမှာ တက်ကြွခဲ့သော ခရစ်တော်သည် ကောင်းကင်များ၌ ကြားခံတောင်းလျှောက်ပေးနေကြောင်း ပုံဆောင်သည်။ ယောရှုသည် အာမလက်အမျိုးကို တိုက်ခိုက်ခြင်းမှာ ကိန်းဝပ်နေသောဝိညာဉ်တော်သည် အသွေးအသားကို ဆန့်ကျင်တိုက်ခိုက်နေကြောင်း ပုံဆောင်သည် - ထွ၊၁၇း၉၊ ၁၁၊ ၁၃။ ရော၊၈း၃၄။ ဟေဗြဲ၊၇း၂၅။ ဂလ၊၅း၁၇။
   e. အာမလက်အမျိုးကို ဆန့်ကျင်တိုက်ခိုက်ခြင်း၌ ကျွန်ုပ်တို့သည် ကြားခံတောင်းလျှောက်ပေးသော ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန် ဆုတောင်းခြင်းဖြင့်လည်းကောင်း (ရော၊၈း၃၄)၊ တိုက်ခိုက်သော ဝိညာဉ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန် အသွေးအသားကို သေစေခြင်းအားဖြင့်လည်းကောင်း (လု၊၁၈း၁။ ၁သက်၊၅း၁၇။ ရော၊၈း၁၃။ ဂလ၊၅း၁၆-၁၇၊ ၂၄) သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ ဘုရားသခင်သည် အသွေးအသားကို စဉ်ဆက်မပြတ် စစ်တိုက်၍ ကောင်းကင်အောက်တွင် ၎င်းကို အမှတ်ရခြင်းမှ ပပျောက်သွားသည့်တိုင် ရှင်းရှင်းဖျက်ဆီးရန် တိုက်ခိုက်ခြင်းငှာ ဆုံးဖြတ်တော်မူခဲ့သည် (ထွ၊၁၇း၁၄)။

B. ကမ္ဘာဦး ၆း၈ တွင် "သို့သော် နောဧမူကား ယေဟောဝါ၏မျက်မှောက်၌ ကျေးဇူး (ကျေးဇူးတော်) ကို တွေ့ရှိခဲ့၏"ဟု ပြောထားသည်။
   1. အသွေးအသားသည် စာတန်၏ လက်ရာမွန်ဖြစ်ကာ၊ ၎င်းသည် စာတန်၊ အပြစ်နှင့် သေခြင်းတို့၏ "စည်းဝေးခန်းမ" ဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရသော၊ အသွေးအသား၏ အခြေအနေကို ရင်ဆိုင်ရန် ကျွန်ုပ်တို့ကို ကူညီပေးသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။
   2. အသွေးအသားသည် စာတန်၏ မျက်မှောက်ပင် ဖြစ်ကာ၊ ကျေးဇူးတော်သည် ဘုရားသခင်၏ မျက်မှောက်တော်ပင်ဖြစ်သည်။ စာတန်၏မျက်မှောက်ကို ရင်ဆိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်ကို လိုအပ်သည်။
   3. စာတန်သည် အခြေအနေကို ဖျက်ဆီးရန် အကောင်းဆုံးအားထုတ်လုပ်ဆောင်သောအခါ၊ ခေတ်ကာလကို ပြောင်းလဲစေသူများဖြစ်ရန် ဘုရားသခင်၏အမြင်၌ ကျေးဇူးတော်ကို တွေ့ရှိကြသည့်သူအချို့ အမြဲရှိခဲ့လေသည် - ညွှန်း၊ ဒံ၊၁း၈။ ၉း၂၃။ ၁၀း၁၁၊ ၁၉။
      a. ကျေးဇူးတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၊ ဘုရားသခင်၏ မျက်မှောက်တော်ဖြစ်ကာ၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ရန်၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရကြသည် - ယော၊၁း၁၄၊ ၁၆-၁၇။ ဗျာ၊၂၂း၂၁။

b. သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သုံးပါးတစ်ပါးဘုရား၏ ပေါ်များကြွယ်ဝသော မစမှုဖြစ်ကာ၊ ကျွန်ုပ်တို့၏ လူသားဝိညာဉ်ကို လေ့ကျင့်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည် - ဟေဗြဲ၁၀း၂၉ခ။ ဂလ၆း၁၈။ ဖိလိ၄း၂၃။ ဖိလေ၂၅။ ၂တိ၄း၂၂။

c. ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျေးဇူးတော်၏ နှုတ်ကပတ်တော်ဖြစ်သည် - တ၂၀း၃၂။ ကော၃း၁၆။ ညွှန်း၊ ယေ၁၅း၁၆။

d. ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်း အခြေပြုနေရာပေါ်တွင် သန့်ရှင်းသူများနှင့်အတူ စည်းဝေးခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားကို အသက်၏ ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားကြရသည် - ဆာ၊ ၁၃၃း၃။ ၁ပေ၃း၇။ တ၄း၂၂။ ၁၁း၂၃။

e. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဒုက္ခဆင်းရဲများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများအလယ်၌ ကျွန်ုပ်တို့၏ တိုးပွားနေသော၊ အရာအားလုံးပါဝင်သော ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားနိုင်ပေသည် - ၂ကော၁၂း၉။

f. ကျွန်ုပ်တို့သည် ကိုယ်တော်ကျေးဇူးတော်၏ တန်ခိုးတော်၌ သခင်ဘုရားအတွက် အားထုတ်လုပ်ဆောင်ရန် လိုအပ်သည် - ၁ကော၁၅း၁၀၊ ၅၈။ ၃း၁၀၊ ၁၂က။

g. ကျေးဇူးတော်၏ တန်ခိုး၊ ကျေးဇူးတော်၏ ခွန်အား၊ ကျေးဇူးတော်၏အသက်တို့အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း မှန်ကန်မှု ရှိနိုင်ကြသည်။ အပြင်ပိုင်း ဖြောင့်မတ်ခြင်းသည် ကျေးဇူးတော်၌ ထွက်ပေါ်လာပြီး၊ ကျေးဇူးတော်သည် အတွင်းပိုင်း ဖြောင့်မတ်ခြင်းကို ထုတ်လုပ်ပေးသည် - ဟေဗြဲ ၁၁း၇။ ရော၅း၁၇၊ ၂၁။

C. ဘုရားသခင်သည် နောအား အရာအားလုံးပါဝင်သော ဖွင့်ပြခြင်း၊ သင်္ဘောတည်ဆောက်ရန် ဖွင့်ပြခြင်းကို ပေးခဲ့ပြီး၊ ယင်းသည် ဘုရားသခင်က ဖောက်ပြန်ဆိုးယုတ်သော မျိုးဆက်ကို အဆုံးသတ်၍ အသစ်သောခေတ်ကို ယူဆောင်လာမည့် နည်းလမ်းဖြစ်သည်။ သူ၏အလုပ်သည် ခေတ်ကို ပြောင်းလဲစေသော အလုပ်ဖြစ်သည် - ၁ကော၂း၉။ ၂ကော၆း၁။ မ၁၆း၁၈။ ၁ကော၃း၁၂။

1. သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ကာ (၁ပေ၃း၂၀-၂၁)၊ တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကိုသာမက၊ စုပေါင်းထားသော ခရစ်တော်၊ အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံမည့် လူသစ်ကိုလည်း ပုံဆောင်ခြင်းဖြစ်သည် (မ၁၆း၁၈။ ၁ကော၁၂း၁၂။ ဧ၂း၁၅-၁၆။ ကော၃း၁၀-၁၁။ ဗျာ၂၁း၂)။

2. သင်္ဘောကို တည်ဆောက်ခြင်းမှာ စုပေါင်းထားသော ခရစ်တော်၊ အသင်းတော် ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကျေးဇူးတော်အဖြစ် ခရစ်တော်ကို တည်ဆောက်ခြင်းဖြစ်သည် (၁ကော၁၂း၁၂။ ဧ၄း၁၁-၁၆)။ ဤသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ ကယ်တင်ခြင်းကို အားထုတ်လုပ်ဆောင်ခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဤကောက်လိမ်၍ ဖောက်ပြန်သွေဖည်သော မျိုးဆက်အပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းမှ ကယ်တင်ခံရကာ၊ အသစ်သောခေတ်၊ မိလေနိခေတ်ကာလအထဲသို့ ခေါ်ဆောင်ခြင်း ခံရနိုင်ရန်ဖြစ်သည် (ဖိ၂း၁၂-၁၆။ ဟေဗြဲ၁၁း၇။ မ၂၄း၃၇-၃၉။ လု၁၇း၂၆-၂၇)။

**III. ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင့်ကျေးဇူးတော်၏ ပြီးမြောက်ပြည့်စုံသော၊ အဆုံးစွန်သော ထုတ်လုပ်မှုမှာ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ဘုရားသခင့်ဖြောင့်မတ်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လာမည့် ဘုရားသခင်၏ ကဗျာအဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည်။ ကျွန်ုပ်တို့မွေ့လျော်ရန်အတွက် ဘုရားသခင်ကိုယ်တော်တိုင်၏ ကြွယ်ဝခြင်းများသည် အကန့်အသတ်မှန်သမျှကို ကျော်လွန်ကာ၊ ထာဝရကာလပတ်လုံး အများရှေ့မှာ ပြသထင်ရှားခြင်း ရှိလိမ့်မည်ဖြစ်သည် - ဧ၂း၇-၁၀။ ၂ပေ၃း၁၃။ ဗျာ၂၂း၂၁။**

*© 2022 Living Stream Ministry*